ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

**Monthly**

# INFLATION REPORT

**Feb, 2020**

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စု အတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၇၂.၉၆** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၄၄.၉၇** ရှိပါသည်။ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၆၁.၃၃** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၆၁.၇၂** နှင့် နှိုင်းယှဉ် ပါက **၀.၂၄%** ကျဆင်းလာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်းတည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၄၂.၀၇** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၁.၂၂** နှင့် နှိုင်းယှဉ်ပါက **၀.၆၀%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၁.၃၃** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၄၇.၈၉** နှင့်နှိုင်းယှဉ်ပါက **၉.၀၉%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၏ Core CPI မှာ ၁၄၂.၀၇ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၂၅.၁၉** နှင့်နှိုင်းယှဉ်ပါက **၁၃.၄၈%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၂.၉၆** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၆၇% ကျဆင်းလာပါသည်။** ဆန်ဈေးနှုန်းများ၊ ဂျုံမှုန့် ဈေးနှုန်းများ၊ နှမ်းဆီဈေးနှုန်း၊ ကြက်သားဈေးနှုန်း၊ ငါးအစိုနှင့် ငါးအခြောက်ဈေးနှုန်းများ၊ ကြက်ဥ၊ အချို့သစ်သီးဝလံဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများ၊ အချို့ပဲဈေးနှုန်းများနှင့် စားဖိုဆောင်သီးနှံဈေးနှုန်းများ အနည်းငယ် ကျဆင်းလာပြီး ကြက်သွန်နီနှင့် ခရမ်းချဉ်သီးဈေးနှုန်း များမှာ ပိုမို၍ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆ နှုန်းမှာ **၁၄၄.၉၇** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၄၉%** မြင့်တက်လာပါသည်။ ယင်းအုပ်စု အတွင်းရှိ ကွမ်းရွက်ဈေးနှုန်းများ သိသာထင်ရှားစွာ မြင့်တက်လာပြီး အလားတူ ရွှေဈေးနှုန်း၊ ဘီယာ(ပြည်တွင်း/ ပြည်ပ)ဈေးနှုန်းများ၊ စီးကရက်(ပြည်တွင်း) နှင့် အခြားအသုံးအဆောင်ပစ္စည်း

များဖြစ်ကြသော အမျိုးသမီး/ အမျိုးသားဝတ်လုံချည်များ၊ တီရှပ်၊ ဘောင်းဘီရှည်၊ ဆွယ်တာ ဈေးနှုန်းများ၊ အိမ်ငှားခနှင့် ကျွန်းသစ်စသည့် အိမ်အသုံးအဆောင်ဈေးနှုန်းများမှာ ယခင်လက ထက် မြင့်တက်လာပါသည်။


၅။ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်း များမှာ ယခင်လကထက် ၃၀ ကျပ်ခန့် ကျဆင်းနေပါသည်။ ထို့အပြင် ပြည်ပမှတင်သွင်းသည့် လောင်စာဆီဈေးနှုန်းများကျဆင်းလာသကဲ့သို့ ပြည်တွင်းလောင်စာဆီဈေးနှုန်းမှာလည်း သိသိ သာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။


၆။ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင်** အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ဈေးနှုန်းများ၊ ငါးအစို/ငါးအခြောက်ဈေးနှုန်းများကျဆင်းလာသကဲ့သို့ လောင်စာဆီဈေးနှုန်းများ သိသိသာသာ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ် ကျဆင်းလာ ကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၉.၀၆%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထား သော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation) မှာ ၁၀.၅၅** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၉.၀၉%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၁၃.၄၈%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)
ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



**တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်**

**(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ)**


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

### ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်

### စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၁.၃၃ ဖြစ်ရာ ယခင်လ အခြေအနေ ၁၆၁.၇၂ နှင့် နှိုင်းယှဉ်ပါက ၀.၂၄% ကျဆင်းလာပါသည်။ ထိုအုပ်စုများအနက် အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုတို့မှာ သိသာစွာပြောင်းလဲမှုမရှိသော်လည်း အစားအစာအုပ်စုနှင့် သယ်ယူပို့ဆောင်ရေးအုပ်စုတို့၏ ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိပါသည်။ သို့သော် ကျန်အုပ်စု၏ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လျက်ရှိပါသည်။

### အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၇၂.၉၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၆၇% ကျဆင်းနေပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ဈေးနှုန်းမှာ ၀.၇၂%၊ ကြက်သား ၀.၅၀%၊ ကြက်ဥ ၀.၈၅% နှင့် ငါးခူ ၁.၂၁% ကျဆင်းနေသော်လည်း မြေပဲဆီ ၀.၃၇%၊ စားအုန်းဆီ ၆.၄၂%၊ ဝက်သား ၂.၇၇%၊ ငါးမြစ်ချင်း ၀.၆၄% နှင့် ဘဲဥ ၀.၂၈% မြင့်တက်လာပါသည်။ သို့ရာတွင် စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော အာလူးဈေးနှုန်းမှာ ၂.၅၀%၊ ကြက်သွန်နီဈေးနှုန်းမှာ ၂၀.၄၄% နှင့် ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီးဈေးနှုန်းမှာ ၂၅.၀၄% ဖြင့် သိသိသာသာ ကျဆင်းလာပါသည်။ အလားတူ ငှက်ပျောသီး၊ အုန်းသီး၊ လိမ္မော်သီးနှင့် ရှောက်သီးဈေးနှုန်းများမှာ ယခင်လကထက် အသီးသီး ကျဆင်းလာပါသည်။ ထို့အပြင် ပဲအချို့၏ဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်၏ ဈေးနှုန်းများကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၆၄.၆၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၄.၅၃% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော အရက်(ပြည်တွင်း/ ပြည်ပ)၊ ဘီယာ(ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီးခြမ်း၊ စီးကရက်(ပြည်တွင်း)ဈေးနှုန်းများ သိသာစွာ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၂၉.၃၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၁၅% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/ အမျိုးသားဝတ်လုံချည်၊ တီရှပ်၊ စပို့ရှပ်၊ ဘောင်းဘီရှည်၊ ဆွယ်တာနှင့် ဖိနပ်(သားရေ/ ရော်ဘာ)ဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၂၀၀.၁၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၃၄% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အိမ်လခနှင့်အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော အိမ်ငှားခ၊ ဓနိ၊ ကျွန်းသစ်၊ သွပ်၊ အိမ်ပြုပြင်ထိန်းသိမ်းစရိတ် (အလုပ်သမားခ)၊ ရေဖိုး၊ ဂတ်စ်ခတ်ငွေ့၊ ထင်းနှင့် မီးသွေးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၃၃.၃၂ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ဝ.၄၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ခုတင်၊ ဗီရို၊ ဖျာ(သင်ဖြူး)၊ စောင်၊ ဘက်ထရီ၊ မီးချောင်း၊ ခတ်မီး၊ ဆပ်ပြာမှုန့်၊ အိမ်အကူဈေးနှုန်းနှင့် အငှားယာဉ်မောင်း ဈေးနှုန်းများ ဆက်လက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၆၀.၇၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၄၄% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆေးဈေးနှုန်းနှင့် ဆေးရုံစရိတ်ဈေးနှုန်းများမှာ ရာသီအကူး

အပြောင်းကာလဖြစ်၍ ဖျားနာသူ များပြားလာသောကြောင့် ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၁၇.၁၄ ရှိ၍ ယခင်လအခြေအနေ ၁၁၇.၇၂ နှင့် နှိုင်းယှဉ်ပါက ၀.၅၀% ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ်များ မြင့်တက်လျက်ရှိသော်လည်း ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၄၄၄.၆၃ ကျပ် မှ ၄၃၈၅.၅၂ ကျပ်သို့လည်းကောင်း၊ ဓာတ်ဆီ တစ်ဂါလန်လျှင် ၄၂၃၉.၂၅ ကျပ် မှ ၄၁၄၀.၅၇ ကျပ်သို့လည်းကောင်း အသီးသီး ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၀၁.၄၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသာစွာကျဆင်းမှုမရှိပါ။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းလ်ဖုန်းဈေးနှုန်းများ အနည်းငယ် ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၂၃.၃၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီ၊ ဂျာနယ်နှင့် ဗလာစာအုပ်ဈေးနှုန်းများ အနည်းငယ်စီ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၃၉.၂၆ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော သင်တန်းကြေးဈေးနှုန်းများ အနည်းငယ်မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၃၅.၃၄ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၂၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် အကြော်စုံ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ ကြာဇံကြော်၊ ထမင်းနှင့် ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်၊ ကော်ဖီ၊

ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစိုနှင့် နှစ်ပြန်ကြော်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(၅) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၄၈.၃၄ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၀၅% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ(အမျိုးသမီး/ အမျိုးသား)၊ ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ ရွှေ၊ လက်ဝတ်ရတနာ၊ မိတ်ကပ်နှင့် မျက်နှာလိမ်းပေါင်ဒါဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၄၄.၉၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၄၉% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

### ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်

### စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ်၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၁.၃၃ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၄၇.၈၉ နှင့် နှိုင်းယှဉ်ပါက ၉.၀၉% မြင့်တက်လာပါသည်။ ဆက်သွယ်ရေးအုပ်စု၏ဈေးနှုန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

### အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၇၂.၉၆ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ အခြေအနေ ၁၆၁.၇၀ နှင့်နှိုင်းယှဉ်ပါက ၆.၉၆% ဖြင့် တိုးနှုန်းအရှိန်မှာ ယခင်လကထက် မြင့်တက်လာပါသည်။ ကြက်သားနှင့် ကြက်ဥ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းနေသော်လည်း မြေပဲဆီ ၁၀.၆၉%၊ နှမ်းဆီ ၇.၄၉%၊ စားအုန်းဆီ ၁၀.၃၄%၊ ဝက်သား ၇.၂၇%၊ အမဲသား ၁၃.၀၉%၊ ငါးခူ ၉.၉၀%၊ ငါးရံ့ ၁၁.၁၁%၊ ငါးမြစ်ချင်း ၂၁.၅၅%၊ ပုစွန်ခြောက် ၆.၃၉%၊ ငါးရံ့ခြောက် ၁၀.၁၀%၊ ရေကျိုငါးပိ ၄.၅၄%၊ ဘဲဥ ၁.၄၅% နှင့် အာလူး ၃.၂၁% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ခရမ်းချဉ်သီး ၅၄.၂၉%၊ ကြက်သွန်ဖြူ ၈၂.၄၆%၊ ကြက်သွန်နီ ၉၃.၂၇% တို့ဖြင့် သိသာထင်ရှားစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၆၄.၆၈ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၁.၀၈% မြင့်တက်နေပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ (ပြည်တွင်း/ ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီး(အခြမ်း)၊ စီးကရက်(ပြည်တွင်း/ပြည်ပ)နှင့် ဆေး

ပေါ့လိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၂၉.၃၃ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၄.၁၇% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော လုံချည်(အမျိုးသမီး/ အမျိုးသား)၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ ဆွယ်တာ၊ ခြေအိတ်၊ မိုးကာနှင့် စက်ချုပ်ခ(အမျိုးသမီး)၊ ဖိနပ် (သားရေ/ ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၂၀၀.၁၂ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၃၁.၃၀% ဖြင့် သိသာစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ဂတ်စ်ဓာတ်ငွေ့၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အပြင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကြောင့် ယခင်နှစ်ကထက် သိသာစွာမြင့်တက်ခဲ့၍ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၃၃.၃၂ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၆.၁၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ပရိဘောဂပစ္စည်းဈေးနှုန်းများနှင့် လျှပ်စစ်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၆၀.၇၄ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက ၉.၃၈% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၁၇.၁၄ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက ၈.၃၄% မြင့်တက်လာပါသည်။ ယင်း

အုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀.၇၄ ရှိရာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၇၆.၄၉ သို့ မြင့်တက်လာပြီး ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် တစ်ဂါလန်လျှင် ၄၁၇၃.၄၆ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၄၃၈၅.၅၂ ကျပ်သို့ မြင့်တက်လာပါသည်။ ထို့အတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၉.၀၆ ရှိရာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၆၉.၄၁ သို့ လည်းကောင်း၊ ပြည်တွင်းဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် တစ်ဂါလန်လျှင် ၃၆၀၁.၉၅ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၄၁၄၀.၅၇ ကျပ်သို့ လည်းကောင်း အသီးသီးမြင့်တက်လာခဲ့ပါသည်။ ထို့အပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၀၁.၄၂ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၀.၃၆% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များ ဝင်ရောက်မှုများလာပြီး Model အဟောင်းများ ဈေးကွက်တွင် နည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၂၃.၃၉ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၂.၁၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ကွန်ပါဘူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၃၉.၂၆ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၄.၂၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်

ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဠ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၃၅.၃၄ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက ၆.၉၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစို၊ နှစ်ပြန်ကြော်နှင့် အဆောင်ငှားရမ်းခဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဋ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၄၈.၃၄ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက ၉.၂၄% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအမျိုးစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ၌ ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၅.၃၀%၊ လက်ဝတ်ရတနာ ၂၄.၅၄%၊ သနပ်ခါး ၅.၅၁%၊ မိတ်ကပ် ၅.၅၃% နှင့် သွားတိုက်ဆေး ၉.၂၆% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ၁၄၄.၉၇ ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက ၁၂.၈၅% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သောအုပ်စုများအနက် ဆက်သွယ်ရေးအုပ်စုကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း


၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ၁၄၇.၈၉ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ ဒီဇင်ဘာလတွင် ၁၆၁.၇၂ ဖြစ်ပေါ်လျက်ရှိရာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၁၆၁.၃၃ သို့ အနည်းငယ် ပြန်လည်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်မြို့ တို့တွင် မြင့်တက်နေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျဆင်းနေပါသည်။ နှစ်အလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် မန္တလေးမြို့တွင် ၁၅.၆၃% ဖြင့် အများဆုံး ပြောင်းလဲမှု ဖြစ်ပေါ်နေပြီး ကချင်ပြည်နယ်တွင် ၄.၄၉% ဖြင့် အနည်းဆုံး ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှု နှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၆.၆၉% ရှိခဲ့ရာမှ ဆက်လက် မြင့်တက်လာရာ ၂၀၁၉ ခုနှစ် မေလတွင် ၉.၅၇% ရှိခဲ့ပါသည်။ သို့သော် ဇွန်လတွင် ၉.၅၁% သို့ အနည်းငယ် ပြန်လည်ကျဆင်းသွားပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ မြင့်တက် လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ သိသိသာသာ ဆက်လက် မြင့်တက် လာခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ဩဂုတ်လမှစ၍ ယခင်နှစ် အလားတူ ကာလကထက် ကုန်စည်ဈေးနှုန်းတက်နှုန်းများ တဖြည်းဖြည်း လျော့နည်းလာသောကြောင့် နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၉.၀၉% သို့ ကျဆင်းလာခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ တစ်နှစ်ပျမ်းမျှ ၉.၀၉% ရှိ၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၈.၈၁% နှင့် နှိုင်းယှဉ်ပါက ၀.၂၈ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ၇.၀၇% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ၈.၆၁% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း ကုန်ပစ္စည်းဈေးနှုန်းများ တက်နှုန်းနည်းခဲ့၍ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်လျော့နည်းခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ခရီးသွားရာသီဖြစ်၍ ခရီးသွားလာသူများပြားပြီး လောင်စာဆီဈေးနှုန်းများမြင့်တက်ခဲ့ခြင်းနှင့် စားသုံးကုန်စည် ဈေးနှုန်းများမြင့်တက်ခဲ့ခြင်းကြောင့် ဒီဇင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလတွင်မှု ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၉.၀၉% သို့ ဆက်လက် မြင့်တက်လာခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၂.၁၅% ဖြင့် အမြင့်ဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၂.၀၈% ဖြင့် ဒုတိယအမြင့်ဆုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၁.၈၆% ဖြင့်

တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၅.၆၃% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ကချင်ပြည်နယ်တွင် ၄.၄၉%ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ဈေးကွက်အတွင်း ဆန်ဟောင်းများကုန်ဆုံးချိန်ဖြစ်ပြီး ဆန်သစ်များထွက်ရှိချိန်ဖြစ်၍ ဝင်ရောက်မှုများပြားလာသောကြောင့်ဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီဈေးနှုန်းနှင့် စားအုန်းဆီဈေးနှုန်းမှာ မြင့်တက်လာပါသည်။ ပြည်ပ စားအုန်းဆီတင်သွင်းသည့်ဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၉၈.၁၁ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၇၁၈.၃၃ သို့ မြင့်တက်နေသောကြောင့် ပြည်တွင်း စားသုံးဆီဈေးနှုန်းများ မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် အသားတိုးကြက်မွေးမြူသူများပြားလာခြင်းကြောင့် ကြက်သားဈေးနှုန်းများ ကျဆင်းလာပါသည်။ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ် ဝယ်ယူမှုများရှိနေခြင်းကြောင့် အမဲသားနှင့် ဆိတ်သားဈေးနှုန်းများ ယခင်လကထက် မြင့်မားနေပါသည်။ အလားတူ ဝက်လိုင်စင်ဈေး မြင့်တက်လာခြင်းနှင့် တရုတ်နှစ်သစ်ကူးချိန်နီးကပ်လာသောကြောင့် ဝက်သားဈေးနှုန်းများ မြင့်တက်လာပါသည်။ အသားဈေးနှုန်းများမြင့်တက်လာပြီး စားသုံးမှုလျော့နည်းလာ၍ ငါးစားသုံးမှုပိုမိုများပြားလာခြင်းနှင့် ငါးမွေးမြူစရိတ်မြင့်မားလာခြင်းတို့ကြောင့် ငါးဈေးနှုန်းမြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဥအထွက်နှုန်းများလာသောကြောင့် ကြက်ဥဈေးနှုန်းမှာလည်း ဆက်လက် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(ဃ) ဂေါ်ဖီထုပ်စျေးနှုန်း မြင့်တက်သည်မှအပ ဆောင်းရာသီသီးနှံပေါ်ချိန်ဖြစ်၍ ကျန်ဟင်းသီးဟင်းရွက်စျေးနှုန်းများနှင့် အသီးအနှံစျေးနှုန်းများ ကျဆင်းလာပြီး ခရမ်းချဉ်သီး နှင့် ခရမ်းသီးစျေးနှုန်းများ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူစျေးနှုန်းမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲအခြေအနေများကြောင့် စျေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးလာပြီး စျေးနှုန်းများ မြင့်တက်လာသော်လည်း ကြက်သွန်နီသစ်များ ပေါ်ချိန်ဖြစ်၍ ကြက်သွန်နီ စျေးနှုန်းများ ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် ပဲမျိုးစုံစျေးကွက်တွင် ကုလားပဲစျေးနှုန်းမှလွဲ၍ ကျန်ပဲစျေးနှုန်းများ ကျဆင်းနေကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေစျေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၁၃၈၉၉၄.၆၉ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၂.၁၉% မြင့်တက်လာပြီး လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၁၅.၃၀% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေစျေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၇၇.၆၉ ရှိရာမှ ၁၅၅၉.၉၇ သို့ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေစျေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ မြန်မာ့ရွှေစျေးနှုန်းမှာလည်း လိုက်ပါမြင့်တက်လျက်ရှိပါသည်။

(ဆ) လျှပ်စစ်ဓာတ်အားခစျေးနှုန်းများကို ၂၀၁၉ ခုနှစ် ဇူလိုင်လမှစတင်၍ ပြောင်းလဲတိုးမြှင့် ကောက်ခံသည့်အတွက် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ကုန်ပစ္စည်းအုပ်စုစျေးနှုန်းများ သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဇ) ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီစျေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇.၄၂ မှ ၇၆.၄၉ သို့လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀.၉၇ မှ ၆၉.၄၁ သို့လည်းကောင်း အသီးသီး ကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသည့်

လောင်စာဆီဈေးနှုန်းများ ကျဆင်းလာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများပါ သိသိသာသာလိုက်ပါကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၅၅ကျပ် ကျဆင်းလာသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ၃၀ ကျပ်ခန့် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းများ တဖြည်းဖြည်း ကျဆင်းလာရာ အကျဘက်သို့ ဦးတည်နေသည့်အတွက် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများကျဆင်းလာပါသည်။ ထို့အတူ ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း သိသိသာသာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်နေပြီး ပြည်တွင်း ရွှေဈေးနှုန်းမှာလည်း အနည်းငယ် မြင့်တက်လျက်ရှိသော်လည်း အခြေခံစားသောက်ကုန် ဈေးနှုန်းများ၊ ရာသီပေါ်သီးနှံဈေးနှုန်းများနှင့် လောင်စာဆီဈေးနှုန်းများ သိသိသာသာ ကျဆင်းနေခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်ကျဆင်းလာခဲ့ပါသည်။ သို့သော် ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ် တစ်နှစ်တာကာလအတွင်း တိုးနှုန်းအရှိန်များကြောင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာမူ အနည်းငယ် မြင့်တက်လာပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း

## (၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | ယခင်လနှင့်နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇန်နဝါရီလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | ၁၀၀.၀၀ | ၁၄၇.၈၉ | ၁၆၁.၇၂ | ၁၆၁.၃၃ | -၀.၂၄ | ၉.၀၉ | ၉.၀၆ |
| ၀၁ | **အစားအစာအုပ်စု** | ၅၈.၄၆ | ၁၆၁.၇၀ | ၁၇၄.၁၃ | ၁၇၂.၉၆ | -၀.၆၇ | ၆.၉၆ | ၉.၀၄ |
| | **အစားအစာမဟုတ်သောအုပ်စု** | ၄၁.၅၄ | ၁၂၈.၄၆ | ၁၄၄.၂၆ | ၁၄၄.၉၇ | ၀.၄၉ | ၁၂.၈၅ | ၉.၁၂ |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၈.၂၆ | ၁၅၇.၅၄ | ၁၆၄.၆၈ | ၄.၅၃ | ၁၁.၀၈ | ၄.၀၈ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၄.၁၅ | ၁၂၉.၁၃ | ၁၂၉.၃၃ | ၀.၁၅ | ၄.၁၇ | ၄.၉၃ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၅၂.၄၁ | ၁၉၉.၄၅ | ၂၀၀.၁၂ | ၀.၃၄ | ၃၁.၃၀ | ၂၀.၇၃ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၂၅.၆၁ | ၁၃၂.၇၇ | ၁၃၃.၃၂ | ၀.၄၂ | ၆.၁၄ | ၇.၄၀ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၄၆.၉၅ | ၁၆၀.၀၄ | ၁၆၀.၇၄ | ၀.၄၄ | ၉.၃၈ | ၈.၉၅ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၀၈.၁၃ | ၁၁၇.၇၂ | ၁၁၇.၁၄ | -၀.၅၀ | ၈.၃၄ | ၄.၄၂ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၇၈ | ၁၀၁.၄၃ | ၁၀၁.၄၂ | -၀.၀၁ | -၀.၃၆ | -၀.၇၂ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၁၀.၀၄ | ၁၂၃.၃၁ | ၁၂၃.၃၉ | ၀.၀၆ | ၁၂.၁၃ | ၁၁.၀၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၃.၆၃ | ၁၃၉.၁၄ | ၁၃၉.၂၆ | ၀.၀၉ | ၄.၂၀ | ၅.၅၁ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၆.၅၆ | ၁၃၃.၇၀ | ၁၃၅.၃၄ | ၁.၂၃ | ၆.၉၄ | ၄.၈၈ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၃၅.၇၉ | ၁၄၆.၈၁ | ၁၄၈.၃၄ | ၁.၀၅ | ၉.၂၄ | ၁၀.၂၇ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | ၃၂.၆၃ | ၁၂၅.၁၉ | ၁၄၁.၂၂ | ၁၄၂.၀၇ | ၀.၆၀ | *၁၃.၄၈ | *၁၀.၅၅ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇန်နဝါရီလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၀.၃၁ | ၁၅၇.၄၂ | ၁၅၇.၀၇ | -၀.၂၃ | ၄.၄၉ | ၃.၃၅ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၅၀.၄၂ | ၁၆၂.၇၄ | ၁၆၂.၆၇ | -၀.၀၅ | ၈.၁၄ | ၇.၄၇ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၃၄.၉၇ | ၁၄၆.၆၀ | ၁၄၆.၈၂ | ၀.၁၅ | ၈.၇၈ | ၇.၈၂ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၉၈.၄၀ | ၂၀၉.၄၅ | ၂၀၈.၅၀ | -၀.၄၅ | ၅.၀၉ | ၈.၁၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၄၅.၇၅ | ၁၅၈.၅၁ | ၁၅၇.၂၅ | -၀.၇၉ | ၇.၈၉ | ၁၂.၀၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၃.၈၇ | ၁၄၃.၉၇ | ၁၄၃.၁၃ | -၀.၅၉ | ၆.၉၂ | ၇.၆၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၄၄.၁၅ | ၁၅၇.၉၉ | ၁၅၇.၆၉ | -၀.၁၉ | ၉.၃၉ | ၉.၀၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၅၅.၅၂ | ၁၇၁.၇၅ | ၁၇၀.၀၉ | -၀.၉၆ | ၉.၃၇ | ၁၂.၁၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၄၀.၄၂ | ၁၅၆.၇၅ | ၁၅၅.၈၃ | -၀.၅၉ | ၁၀.၉၈ | ၁၀.၀၀ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၄၀.၆၉ | ၁၅၀.၆၁ | ၁၄၉.၃၈ | -၀.၈၂ | ၆.၁၈ | ၇.၄၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၈၄.၈၉ | ၁၉၃.၆၅ | ၁၉၃.၄၂ | -၀.၁၂ | ၄.၆၁ | ၅.၂၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၇.၇၁ | ၁၅၂.၆၅ | ၁၅၃.၁၀ | ၀.၂၉ | ၁၁.၁၇ | ၇.၄၂ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၅၉.၄၅ | ၁၆၉.၀၃ | ၁၆၉.၅၉ | ၀.၃၄ | ၆.၃၆ | ၆.၇၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၄၇.၁၁ | ၁၆၈.၅၅ | ၁၆၈.၅၂ | -၀.၀၂ | ၁၄.၅၅ | ၁၁.၈၆ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၃၂.၃၄ | ၁၄၇.၆၉ | ၁၄၇.၂၁ | -၀.၃၃ | ၁၁.၂၃ | ၈.၂၀ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၄၉.၅၉ | ၁၆၁.၄၃ | ၁၆၁.၈၆ | ၀.၂၇ | ၈.၂၀ | ၈.၃၃ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၄၀.၅၇ | ၁၆၂.၅၈ | ၁၆၂.၅၄ | -၀.၀၂ | ၁၅.၆၃ | ၁၁.၆၀ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၃၇.၀၅ | ၁၅၃.၅၉ | ၁၅၃.၁၃ | -၀.၃၀ | ၁၁.၇၃ | ၁၁.၃၈ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၄၇.၈၉** | **၁၆၁.၇၂** | **၁၆၁.၃၃** | **-၀.၂၄** | **၉.၀၉** | **၉.၀၆** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | ဒီဇင်ဘာလ (ကျပ်) | ဇန်နဝါရီလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၄၉၃.၀၄ | ၁၄၈၂.၂၃ | ၁၄၈၁.၆၂ | -၀.၇၂ | ၀.၀၄ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၈၈၁.၇၄ | ၆၉၀၇.၁၀ | ၆၂၃၉.၈၆ | ၀.၃၇ | ၁၀.၆၉ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၈၇၆.၂၅ | ၆၈၇၄.၆၉ | ၆၃၉၅.၆၃ | -၀.၀၂ | ၇.၄၉ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၃၁.၄၃ | ၂၂၆၈.၂၃ | ၂၀၅၅.၇၀ | ၆.၄၂ | ၁၀.၃၄ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၀၅၉.၃၂ | ၇၀၂၄.၃၃ | ၇၀၅၇.၀၃ | -၀.၅၀ | -၀.၄၆ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၉၅၀.၆၈ | ၁၀၂၂၆.၀၁ | ၉၅၃၃.၁၁ | ၂.၇၇ | ၇.၂၇ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၂၅၃.၂၇ | ၁၄၃၁၈.၆၉ | ၁၂၆၆၁.၄၀ | ၀.၄၆ | ၁၃.၀၉ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၂၉.၉၆ | ၁၈၃၅.၁၃ | ၁၈၀၈.၈၄ | ၀.၂၈ | ၁.၄၅ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၉၇.၆၀ | ၁၂၈၆.၆၀ | ၁၃၃၆.၀၈ | -၀.၈၅ | -၃.၇၀ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၉၅၀.၀၀ | ၈၈၄၁.၆၇ | ၈၀၄၅.၀၀ | -၁.၂၁ | ၉.၉၀ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၈၆၆.၈၄ | ၈၈၉၃.၇၈ | ၈၀၀၄.၁၅ | ၀.၃၀ | ၁၁.၁၁ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၄၇၀.၀၉ | ၅၅၀၄.၉၁ | ၄၅၂၉.၀၂ | ၀.၆၄ | ၂၁.၅၅ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၃၈၈၂.၉၈ | ၃၃၉၀၆.၃၈ | ၃၁၈၇၀.၂၁ | ၀.၀၇ | ၆.၃၉ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၂၅၇၈.၄၃ | ၃၂၅၅၂.၄၅ | ၂၉၅၆၇.၁၆ | -၀.၀၈ | ၁၀.၁၀ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၄၃၄.၀၇ | ၃၄၅၆.၁၉ | ၃၃၀၆.၁၉ | ၀.၆၄ | ၄.၅၄ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၅၁၇.၄၄ | ၁၁၃၇.၃၉ | ၇၃၇.၁၈ | -၂၅.၀၄ | ၅၄.၂၉ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၇၆.၈၉ | ၂၃၈၉.၅၀ | ၂၃၇၄.၁၆ | ၀.၅၃ | ၀.၆၅ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၂၂၆.၉၁ | ၁၁၉၆.၁၈ | ၁၁၅၉.၀၄ | -၂.၅၀ | ၃.၂၁ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၉၅၉.၀၂ | ၃၉၆၆.၁၇ | ၂၁၇၃.၆၈ | ၀.၁၈ | ၈၂.၄၆ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၃၀၉၀.၄၀ | ၂၄၅၈.၈၀ | ၁၂၇၂.၂၀ | -၂၀.၄၄ | ၉၃.၂၇ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၄၆၆.၉၀ | ၅၄၇၅.၄၄ | ၅၁၂၂.၃၄ | ၀.၁၆ | ၆.၈၉ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၅၄၇.၁၈ | ၅၅၆၀.၈၀ | ၅၂၆၉.၄၄ | ၀.၂၅ | ၅.၅၃ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၁၁၄၆၀၂.၂၁ | ၁၁၃၈၉၉၄.၆၉ | ၉၈၇၈၅၇.၉၆ | ၂.၁၉ | ၁၅.၃၀ |
| ၂၄ | ထင်း | | ပိဿာ | ၃၆၉.၃၅ | ၃၇၀.၁၅ | ၃၂၉.၆၅ | ၀.၂၂ | ၁၂.၂၉ |
| ၂၅ | မီးသွေး | | ။ | ၆၉၆.၅၁ | ၆၉၈.၂၅ | ၆၅၀.၄၄ | ၀.၂၅ | ၇.၃၅ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၄.၃၉ | ၄၅၃.၉၅ | ၄၃၃.၉၉ | -၀.၁၀ | ၄.၆၀ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၁၁၀.၅၃ | ၁၁၁၁.၁၁ | ၁၀၈၄.၈၀ | ၀.၀၅ | ၂.၄၃ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၄၄၄၄.၆၃ | ၄၃၈၅.၅၂ | ၄၁၇၃.၄၆ | -၁.၃၃ | ၅.၀၈ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၄၂၃၉.၂၅ | ၄၁၄၀.၅၇ | ၃၆၀၁.၉၅ | -၂.၃၃ | ၁၄.၉၅ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | | | | | | | ၂၀၂၀ ပြည့်နှစ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၄၇.၈၉ | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁၅၄.၅၆ | ၁၅၈.၄၄ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၁၆၀.၅၈ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၁၆၁.၃၃ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၂၅.၁၉ | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၁၂၇.၃၁ | ၁၂၇.၈၁ | ၁၃၇.၅၆ | ၁၃၈.၂၅ | ၁၃၉.၁၂ | ၁၃၉.၇၄ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၁၄၂.၀၇ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | | | | | | | ၂၀၂၀ ပြည့်နှစ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၆.၁၄ | ၆.၆၉ | ၇.၉၂ | ၈.၇၃ | ၉.၅၇ | ၉.၅၁ | ၁၀.၈၇ | ၁၀.၃၇ | ၉.၅၁ | ၈.၇၂ | ၈.၂၆ | ၉.၄၅ | ၉.၀၉ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation–Core Inflation) | ၆.၃၉ | ၆.၃၃ | ၆.၁၈ | ၆.၃၀ | ၆.၅၈ | ၆.၃၄ | ၁၄.၁၄ | ၁၃.၈၇ | ၁၃.၅၈ | ၁၃.၂၅ | ၁၃.၂၅ | ၁၃.၂၆ | ၁၃.၄၈ |